Message Five

## ယောဘနှင့်အတူ ဘုရားသခင်၏ရည်ရွယ်ချက် - ကောင်းသောလူသည် ဘုရား-လူဖြစ်လာရန်

ဖတ်ရန်ကျမ်း။ ။ ယောဘ၊ ၁း၁၊ ၈။ ၂း၃၊ ၉။ ၂၇း၅။ ၃၁း၆။ ၄၂း၅-၆

**I. ခြောက်ဆယ့်ခြောက်စောင်ပါသော သမ္မာကျမ်းစာသည် တစ်ခုတည်းသောအရာအတွက်သာ ဖြစ်သည် - ယင်းမှာ ခရစ်တော်၌ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်၍၊ ခရစ်တော်ကို ထင်ရှားရန် ဖြစ်သည် - ဧ၊၃း၁၆-၁၇က။ ဖိ၊၁း၂၁က။**

A. ဤအရာသည် ကျွန်ုပ်တို့၏အသက်တာကို အုပ်စိုးနေသော မူအလေ့အလာဖြစ်သင့်သည် - ယော၊၆း၅၇။

B. လက်တွေ့ကျသောနည်းလမ်း၌ ဤအရာသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ယနေ့၏ အသက်ပင် ဖြစ်သင့်ပါသည် - ဖျာ၊၂း၁၄။

**II. ယောဘသည် ကောင်းသောလူတစ်ဦးဖြစ်ပြီး၊ မိမိ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တည်ကြည်ခြင်း၌ မိမိကိုယ်ကို ထင်ရှားစေသည် - ယောဘ၊၂၇း၅။ ၃၁း၆။ ၃၂း၁။**

A. စုံလင်ခြင်းသည် အတွင်းလူနှင့် ဆက်နွှယ်နေပြီး၊ ဖြောင့်မှန်ခြင်းသည် အပြင်လူနှင့် ဆက်နွှယ်နေသည် - ၁း၁။

B. ယောဘသည် တည်ကြည်ခြင်းရှိသောလူဖြစ်သည်။ တည်ကြည်ခြင်းသည် စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်းရှိခြင်း၏ စုစုပေါင်းဖြစ်သည် - ၂း၃၊ ၉။ ၂၇း၅။ ၃၁း၆။

1. ယောဘနှင့်စပ်လျဉ်း၍ တည်ကြည်ခြင်းသည် သူဖြစ်သောအရာ၏ စုစုပေါင်းထင်ရှားခြင်းဖြစ်သည်။
2. အကျင့်စာရိတ္တ၌ ယောဘသည် စုံလင်၍ ဖြောင့်မှန်ခဲ့သည်၊ သူ၏ကိုယ်ကျင့်သိက္ခာ၌ သူသည် တည်ကြည်ခြင်း၏ မြင့်မားသော စံနှုန်းရှိသည်။

C. ယောဘသည် အပေါင်းလက္ခဏာ၌ ဘုရားသခင်ကို ကြောက်ရွံ့ပြီး၊ အနုတ်လက္ခဏာ၌ မကောင်းမှုမှ ရှောင်လွှဲသောသူဖြစ်သည် - ၁း၁။

1. ဘုရားသခင်က လူအား ကိုယ်တော်ကို ကြောက်ရွံ့ကာ၊ မည်သည့်အမှားမျှ မလုပ်ရုံအတွက် ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။ ထိုအစား ဘုရားသခင်သည် လူကို ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌၊ ကိုယ်တော်နှင့်တစ်ညီတည်းဖြစ်ခြင်းအတိုင်း ဖန်ဆင်းခဲ့ကာ၊ ယင်းမှာ လူသည် ဘုရားသခင်ကို ထင်ရှားစေရန် ဖြစ်သည် - က၊၁း၂၆။
2. ဘုရားသခင်ကို ထင်ရှားခြင်းမှာ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် မကောင်းသောအမှုမှရှောင်လွှဲခြင်းထက် ပို၍မြင့်မားသည်။
3. ယောဘသည် သူ၏စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်း၌ ရယူခဲ့သောအရာမှာ အချည်းနှီးသက်သက်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏အကြံအစည်တော်ကို ပြီးပြည့်စုံစေခြင်း မရှိသည်သာမက၊ ကိုယ်တော်၏အလိုတော်ကို ကျေနပ်စေခြင်းလည်းမရှိပါ၊ ထို့ကြောင့် ကိုယ်တော်သည် ယောဘအတွက် မေတ္တာဖြင့် စဉ်းစားပေးခဲ့သည် - ယောဘ၊၁း၆-၈။ ၂း၁-၃။

D. ယောဘ၌ လိုအပ်ချက်ရှိကြောင်း ဘုရားသခင်သာလျှင် သိတော်မူသည် - သူ့အတွင်း၌ ဘုရားသခင်ကို မရရှိထားပေ။ ထို့ကြောင့် ဘုရားသခင်က ယောဘအား ကိုယ်တော်၏အကြံအစည်တော် ပြီးပြည့်စုံခြင်းအတွက် ကိုယ်တော်ကို ထင်ရှားစေရန်အလို့ငှာ ကိုယ်တော်ကို အမြတ်ရခြင်း ရှိစေလိုသည် - ၄၂း၅-၆။

**III. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘသည် ဘုရား-လူဖြစ်လာရန်၊ ကိုယ်တော်၏ဂုဏ်အင်္ဂါများ၌ ဘုရားသခင်ကို ထင်ရှားခြင်းရှိစေရန် ဖြစ်သည် - ၂၂း၂၄-၂၅။ ၃၈း၁-၃။**

A. ဘုရားသခင်သည် ယောဘကို အခြားသောနယ်ပယ်၊ ဘုရားသခင်၏နယ်ပယ်အထဲသို့ ခေါ်ဆောင်ခဲ့သည်၊ ထိုသို့ဖြင့် ယောဘသည် မိမိ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တည်ကြည်ခြင်း၌ ရရှိအောင်မြင်ခဲ့ခြင်းများအစား၊ ဘုရားသခင်ကို အမြတ်ရရှိနိုင်မည်ဖြစ်သည် - ၄၂း၅-၆။

B. ယောဘနှင့်အတူ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ့ကို ကုန်ဆုံးသွားစေ၍၊ စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်း၌ ကိုယ်ကျင့်တရား၏ အမြင့်ဆုံးစံနှုန်းတွင် သူ၏ရရှိအောင်မြင်ခဲ့ခြင်းများ၊ သူ၏အောင်မြင်မှုများ မှ သူ့ကို ချွတ်ခွာရန် ဖြစ်သည် - ၃၁း၆။

C. ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်း၌ ဇာတိဆိုင်ရာ ယောဘကို ဖြိုချ၍၊ ကိုယ်တော်က ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်အင်္ဂါများ၌ အသစ်ပြုပြင်ခံရသော ယောဘကို တည်ဆောက်နိုင်ရန် ဖြစ်သည် - ၁း၆-၈။ ၂း၃-၆။

D. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘကို ဘုရားသခင်၏လူဖြစ်စေရန်၊ ခရစ်တော်၌ ဘုရားသခင်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်းဖြစ်လာစေဖို့ ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်နှင့် ပြည့်ဝစေရန် ဖြစ်သည် - ၁တိ၊ ၆း၁၁။ ၂တိ၊ ၃း၁၇။

E. ဘုရားသခင်၏ချွတ်ခွာခြင်းနှင့် ကုန်ဆုံးစေခြင်းသည် ယောဘကို ဖြိုချရန် သူ့အပေါ် ကျင့်သုံးခဲ့သည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် သူ့ကို ဘုရားသခင်ကိုယ်တော်တိုင်ဖြင့် ပြန်လည်တည်ဆောက်ရန် အခြေနှင့် နည်းလမ်း ရရှိနိုင်မည်၊ သို့မှသာ သူသည် ဘုရား-လူ ဖြစ်လာနိုင်မည်၊ ဘုရားသခင်ကို ထင်ရှားစေဖို့အလို့ငှာ ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝ၌ ဘုရားကဲ့သို့ တူညီလာနိုင်မည်ဖြစ်သည် - ဧ၊ ၃း၁၆-၂၁။

## IV. ခရစ်တော်၌ ဘုရားသခင်သည် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီး၊ လူသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရပြီး ဖြစ်ကာ၊ ဘုရားသခင်နှင့် လူသည် တစ်ခုတည်းသောထုံးဖွဲ့မှု ဖြစ်လာရန် အတူတကွ ရောနှောပေါင်းစည်းခဲ့ပြီဖြစ်သည်၊ ယင်းကို ဘုရား-လူဟု ခေါ်ဆိုသည် - မ၊ ၁း၂၁၊ ၂၃။ လု၊ ၁း၃၅။ တိတု၊ ၂း၁၃။ ၁တိ၊ ၂း၅။

A. များစွာသော ဘုရား-လူများ၊ ဘုရားသခင်၏များစွာသော သားများသည် ပထမဆုံးသော ဘုရား-လူ ခရစ်တော်၏ တိုးပွားခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်း၊ ပုံတူပွားခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်း ဖြစ်သည် - ယော၊ ၁၂း၂၄။ ဟေဗြဲ၊ ၂း၁၀။ ရော၊ ၈း၂၉။

B. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏အသက်နှင့် သဘောသဘာဝကို ပါဝင်ဆက်ဆံသူတစ်ဦးဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်၏အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝရှိလာကာ၊ ကိုယ်တော်ကို ထင်ရှားစေသောသူဖြစ်သည် - ယော၊ ၃း၁၅။ ၂ပေ၊ ၁း၄။ ၁ကော၊ ၆း၁၇။

C. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏သားဖြစ်ရန် ဘုရားသခင်၏မွေးဖွားခံရပြီး၊ ဘုရားသခင်၏အသက်နှင့် သဘောသဘာဝ ရှိသည် - ယော၊ ၁း၁၂-၁၃။ ၃း၆။

1. ဘုရား-လူတစ်ဦးသည် လူသားဆိုင်ရာနှင့် ဘုရားဆိုင်ရာ ဟူသော အသက်နှစ်ခု၊ လူသားဇာတိနှင့် ဘုရားဇာတိ ဟူသော သဘောသဘာဝနှစ်ခု ရှိသည်။
2. ဘုရား-လူတစ်ဦးသည် အသက်-လူတစ်ဦးဖြစ်သည် - ၁ယော၊ ၅း၁၁-၁၃။ ရော၊ ၈း၂၊ ၆၊ ၁၀-၁၁။
3. ဘုရား-လူတစ်ဦးသည် ရွှေ-လူတစ်ဦးဖြစ်သည် - ထွ၊ ၂၅း၁၁။ ၁ပေ၊ ၁း၇။ ဗျာ၊ ၃း၁၈။ ၂၁း၁၈ခ။

D. ဘုရား-လူတစ်ဦးသည် ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ပြီး၊ သူ၏အသက်၊ အသက်မစရာနှင့် အရာခပ်သိမ်းအဖြစ် ဘုရားသခင်ကို ရရှိထားသည်။ ထို့ကြောင့် ဘုရား-လူသည် လူဖြစ်သော်လည်း ဘုရား၊ ဘုရားဖြစ်သော်လည်း လူ ဖြစ်သည် - ဧ၊ ၃း၁၆-၁၇က။

E. ဘုရား-လူတစ်ဦးသည် ဖန်ဆင်းခြင်းအသစ်နှင့် ခရစ်တော်၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်သည် - ၂ကော၊ ၅း၁၇၊ ၂၁။

F. ဘုရား-လူတစ်ဦးသည် သူ့ဖြစ်ခြင်းတစ်ခုလုံးဖြင့် သခင်ဘုရားကို ချစ်သည်၊ ယင်းမှာ သူ၏စိတ်နှလုံး၊ စိတ်၊ အသိဉာဏ်နှင့် ခွန်အားမှ ချစ်ခြင်းဖြစ်သည် - မာ၊ ၁၂း၃၀။

G. ဘုရား-လူတစ်ဦးသည် အသွေးအသား၌ ကိုးကားမှုမရှိ၊ အတ္တကို ငြင်းပယ်၍၊ ခရစ်တော်ကို အသက်ရှင်ရန် ဝိညာဉ်ကို လေ့ကျင့်ခြင်းရှိသည် - ဖိ၊ ၃း၃။ မ၊ ၁၆း၂၄။ ၁တိ၊ ၄း၇။ ဖိ၊ ၁း၂၁က။

H. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အတူရှိသော ဘုရားသခင်၏လူဖြစ်ပြီး၊ ဘုရားသခင်၏အသက်လေကို ရှူသွင်းသူဖြစ်သည် - ၁တိ၊ ၆း၁၁။ ၂တိ၊ ၃း၁၆-၁၇။

I. ဘုရား-လူတစ်ဦးသည် မိမိမှာ တစ်ဦးတည်း သီးခြားလွတ်လပ်သူမဟုတ်ဘဲ၊ စုပေါင်းထားသော ဘုရား-လူ၊ လူသစ်တစ်ဦးတည်းဟူသော ခရစ်တော်ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းဖြစ်ကြောင်းကို သိမှတ်နားလည်သည် - ၁ကော၊ ၁၂း၁၂-၁၃။ ဧ၊ ၄း၁၆။ ကော၊ ၃း၁၀-၁၁။

*© 2026 Living Stream Ministry*